MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC LTD.
MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ သီလဝါဆိပ်ကမ်း၊ အကွက်အမှတ် (၂၉) တွင် တည်ဆောက်ပြီးစီးသည့် ခေတ်မီသိုလှောင်ရုံအမှတ် (၁) လုပ်ငန်းစတင်ခြင်း အခမ်းအနား ဖွင့်လှစ်ပြီးသည့် အခြေအနေအား အသိပေးကြေညာခြင်း

ရက်စွဲ။ ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁) ရက်။

၁။ ကျွန်ုပ်တို့ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ လီမိတက်အနေဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်လက်အောက်ရှိ သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်း၊ အကွက်အမှတ် (၂၉)မြေကွက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကောက်ပဲသီးနှံနှင့် အထွေထွေကုန်စည်များ ကိုင်တွယ်နိုင်သည့် ခေတ်မီ ဘက်စုံသုံးအပြည့်ပြည့်ဆိုင်ရာ ဆိပ်ကမ်းနှင့် ဆက်စပ်စီးပွားရေး အဆောက်အအုံများ တည်ဆောက် ရန်အတွက် နှစ်ရှည်ငှားရမ်းခွင့်ရရှိထားပြီး ၎င်းမြေကွက်ပေါ်တွင် အလျား ၅၅၀ ပေ၊ အနံ ၁၅၀ ပေ အမြင့် ၃၄ ပေ စုစုပေါင်း စတုရန်းပေ ၈၂,၅၀၀ အကျယ်အဝန်း ရှိသည့် ခေတ်မီသိုလှောင်ရုံကြီး တစ်ခုအား ၄-၄-၂၀၂၅ ရက်နေ့တွင် ပန္နက်တင်အခမ်းအနား စတင်ဆောင်ရွက်ခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၇-၃-၂၀၂၆ ရက်နေ့တွင် ၁၀၀% ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိုလှောင်ရုံ တည်ဆောက်မှု အစီရင်ခံစာဖြင့် ၆-၅-၂၀၂၆ တွင် YSX မှတစ်ဆင့် အများပြည်သူသို့ အသိပေး ကြေညာပြီးဖြစ်ပါသည်။

၂။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် အနေဖြင့် ခေတ်မီသိုလှောင်ရုံတည်ဆောက်ခြင်းအတွက် Bagan Royal Star Engineering Co., Ltd. သို့ တည်ဆောက်ရေးလုပ်ငန်းများ အပ်နှံဆောင်ရွက်ခဲ့ပြီး PEB Steel Co., Ltd. ၏ အရည်အသွေးမြင့် Pre-Engineered Steel Structure အဆောက်အဦကို ငလျင်ဒဏ် Zone-3 အထိ ခံနိုင်ရည်ရှိသော Pile Foundation, လေတိုက်နှုန်း 160 km/hr ထိ ခံနိုင်ရည်ရှိခြင်း၊ အပူဒဏ်ကာကွယ်နိုင်သော Air Bubble Insulation များ တပ်ဆင်ခြင်းတို့အပြင် ESG ရည်မှန်းချက်ကို အထောက်အပံ့ဖြစ်စေသော Green and Clean Energy ထုတ်လုပ်ပေးနိုင်သည့် Solar Panel များတပ်ဆင်အသုံးပြုနိုင်ရန်

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC LTD
Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

Design ရေးဆွဲကာ သိုလှောင်ရုံ ဝန်ဆောင်မှုမှတစ်ဆင့် တည်ငြိမ်သော ပုံမှန်ဝင်ငွေလမ်းကြောင်း ရရှိရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပါသည်။

၃။ ခေတ်မီသိုလှောင်ရုံ အမှတ် (၁)၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးနှင့် ခြံစည်းရိုး အုတ်တံတိုင်း၊ လမ်းကူးတံတားတည်ဆောက်ခြင်းများ၊ သိုလှောင်ရုံပတ်လမ်း၊ ကားပါကင် နှင့် Landscaping လုပ်ငန်းများအားလုံး ၁၀၀% ပြီးစီးပြီဖြစ်၍ MAGDPL ၏ သီလဝါဆိပ်ကမ်း၊ အကွက်အမှတ် (၂၉)တွင် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းတို့ကို စနစ်တကျ သိုလှောင်ထိန်းသိမ်းနိုင်သည့် ခေတ်မီသိုလှောင်ရုံ အမှတ် (၁)၏ လုပ်ငန်းစတင်ခြင်း အခမ်းအနားအား ၂၀၂၆ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးမှ ဦးဆောင်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

ဒေါက်တာမောင်မောင်အေး
မန်နေးဂျင်းဒါရိုက်တာ